# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး

## ဆဌမနေ့ အစီအစဉ်

## [၂၄- ၁ - ၂၀၁၄ ]

## ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ဆဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ထူထောင်ပြီးဖြစ်သော စက်မှုဇုန်များတွင် Infrastructure Facilities များ ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အသစ်ထူထောင်မည့် သို့မဟုတ် ထူထောင်ဆဲ စက်မှုဇုန်များတွင် Infrastructure Facilities များ ပြည့်ဝစေရန် တာဝန်ယူဆောင်ရွက်သွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

(ခ) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) (အတွင်းရေးမှူး ၊ ပြည်သူတို့ ၏တိုင်ကြားစာဆိုင်ရာကော်မတီ) ၏ **ရေလုပ်သားများ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မကြာခဏ သေဆုံး၊ ပျောက်ဆုံးမှုများ ရှိနေသည့်အတွက် စုံစမ်းစစ်ဆေး ဖော်ထုတ် အရေးယူပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှဆွေ၊မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏**နိုင်ငံတကာအဆင့်မီ Police Academy တက္ကသိုလ်ဖွင့်လှစ်၍ ကြည်း၊ ရေ၊ လေ ရဲအရာရှိများ မွေးထုတ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်းကိုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။